# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 5 , 2024 Volume 75, Number 3

၅.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၉၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၂ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၉.၆ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၁.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၆၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပပို့ ပဲဈေးနှုန်းများ ဆက်တိုက်မြင့်တက်

ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မတ်ပဲ၊ ပဲစင်းငုံ(နီ)၊ ပဲတီစိမ်း၊ ကုလားပဲဈေး ဆက်တိုက်မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ထံမှ သိရသည်။

ဖေဖော်ဝါရီလအစပိုင်းတွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၃၂,၇၀,၀၀၀၊ ပဲစင်းငုံ(နီ) တစ်တန်လျှင် ကျပ် ၃၈,၃၁,၀၀၀၊ ပဲတီစိမ်း ခရမ်းရွှေဝါတစ်ပိဿာလျှင် ၄၄၁၅ ကျပ်၊ ပဲတီစိမ်း ပဲခူးရွှေဝါတစ်ပိဿာလျှင် ကျပ် ၄၂၅၀၊ ပဲတီစိမ်း ဝါးခယ်မ တစ်ပိဿာလျှင် ၃၈၃၅ ကျပ်ရှိပြီး ကုလားပဲဖြူလုံးတစ်ပိဿာလျှင် ၄၈၃၅ ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဖြင့် ဈေးမြင့်တက်နေခြင်းဖြစ်သည်။

လက်ရှိတွင် မန္တလေးကုန်စည်ဒိုင်ကို အသစ်ဝင်ရောက်လာသည့် မတ်ပဲနှင့် ပဲစင်းငုံ(နီ)များ ဈေးကောင်းရနေပြီး အိန္ဒိယနိုင်ငံက တိုးမြင့်ဝယ်ယူလာနေကြောင်း သိရသည်။

ပြည်တွင်း မတ်ပဲ၊ ပဲစင်းငုံ(နီ)မှာမူ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ဝယ်လိုအား များလာခြင်းကြောင့် ဈေးမြင့်တက်လာနေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ပြည်တွင်းစားသုံးမှုကို ဦးစားပေး၍ ပြည်ပသို့ ဆန်တင်ပို့မှု လျှော့ချမည်

မြန်မာ့ဆန်ကို နှစ်စဉ် ပြည်ပသို့တန်ချိန်နှစ်သန်းခန့် တင်ပို့လေ့ရှိသော်လည်း ယခုဘဏ္ဍာနှစ်တွင် ပြည်တွင်းဆန်ဈေးကွက် တည်ငြိမ်စေရေးနှင့် ပြည်တွင်း စားသုံးမှုကို ဦးစားပေးသည့်အနေဖြင့် ဖေဖော်ဝါရီလနှင့်မတ်လတွင် ဆန်တန်ချိန် တင်ပို့မှု လျှော့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ပြည်ပသို့ဆန်တန်ချိန် တစ်သန်းဝန်းကျင် တင်ပို့ထားပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန်ငါးသိန်းခန့် လျော့နည်းသွားကြောင်း သိရသည်။ "ငွေလဲနှုန်းမူဝါဒက Exporter တွေ တွက်ခြေမကိုက်တဲ့ အနေအထားရှိတာဖြစ်တဲ့အတွက် ပြည်ပတင်ပို့မှုက လျော့နည်းသွားတာပေါ့။ ဝင်ငွေအားဖြင့်ကတော့ မလျော့ပါဘူး"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စာရင်းများအရ ပြီးခဲ့သည့် ဒီဇင်ဘာလ ဆန်၊ ဆန်ကွဲ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၉ သန်းနှင့် ယခုနှစ်ဇန်နဝါရီလတွင် ကန်ဒေါ်လာသန်း ၁၁၀ အထိရရှိထားသည်။

မူဝါဒအပြောင်းအလဲအချို့ကြောင့် ပြည်ပဆန်တင်ပို့မှု လျော့ကျခဲ့သော်လည်း ပို့ကုန်လုပ်ငန်းရှင်များထံမှရရှိသည့် နိုင်ငံခြားငွေ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်က ပြင်ပ

ပေါက်စျေးအတိုင်း လွတ်လပ်စွာရောင်းချနိုင်ကြောင်း ပြင်ဆင်သတ်မှတ်ပြီးသည့်နောက် ပြည်ပသို့ဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ဆန်၊ ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၇၄ သန်းရရှိထားပြီး ဖေဖော်ဝါရီလနှင့်မတ်လများတွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲတင်ပို့မှုမှ လစဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်ရရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## မတ်ပဲစျေး စံချိန်တင်မြင့်တက်လာပြီး ပဲတီစိမ်း၊ ပြောင်းစျေးတက်လာ




ဇန်နဝါရီလ နောက်ဆုံးပတ်နဲ့ ဖေဖော်ဝါရီလအစ (၂၉.၁.၂၀၂၄ မှ ၂.၂.၂၀၂၄) ရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ကြီးတွေဖြစ်တဲ့ မန္တလေးနဲ့ရန်ကုန်စျေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ စျေးနှုန်းတွေဖြစ်ပါတယ်။

ပြောင်းစျေးတက်ရိပ်ပြလာပြီး မတ်ပဲက စံချိန်တင်မြင့်တက်လာပါတယ်။ ပဲစင်းငုံကတော့ စျေးပြောင်းအလဲ သိပ်မရှိပါဘူး။ ပဲတီစိမ်းကတက်လာပြီး ကုလားပဲက စျေးထပ်ကျပါတယ်။

**မတ်ပဲ**

မတ်ပဲက ဒီတစ်ပတ်မှာလည်း စျေးနှုန်းဆက်တိုက်တက်လာပြီး စံချိန်တင်စျေးနှုန်းအထိ ရောက်လာပါတယ်။ အိန္ဒိယဘက်က အဝယ်ရှိနေတာကြောင့် မတ်ပဲစျေးက ဆက်တိုက်တက်နေတာမှန်ပေမဲ့ စျေးကတစ်ရက်ထဲမှာပဲ အကြိမ်ကြိမ်ပြောင်းလဲနေတယ်လို့သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်စျေးကွက်မှာ မတ်ပဲ FAQ တစ်တန်ကို သိန်း ၃၂,၇၀,၀၀၀ ကျပ် စျေးရှိနေပြီး၊ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ကျပ် ၁,၀၅,၀၀၀ စျေးတက်လာပါတယ်။

မန္တလေးစျေးကွက်မှာလည်း ပိဿာ ၆၀ ကို အမြင့်ဆုံး ၃,၀၀,၀၀၀ မှ ၃,၁၀,၀၀၀ ကျပ်ရှိ ပြီး ပြီးခဲ့တဲ့ အပတ်ကထက် ၁၀,၀၀၀ မှ ၁၄,၀၀၀ ကျပ် တက်လာပါတယ်။

ပြီးခဲ့တဲ့အပတ်က ဟသ်ာတကုန်စည်ဒိုင်မှာ ပိဿာ ၂၀ ကို ၉၈,၅၀၀ ကျပ်၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမှာ မတ်ပဲ ပိဿာ ၂၀ ကို ၁,၀၀,၀၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ ၉၈,၂၀၀ ကျပ်ရှိရာကနေ ကုန်စည်ဒိုင်အသီးသီးမှာ ပိဿာ ၂၀ တစ်တင်းကို ၁,၀၅,၅၀၀ ကျပ်မှ ၁,၀၆,၀၀၀ ကျပ်အထိရှိလာပြီး တစ်တင်းကို ၈၀၀၀နီးပါး စျေးမြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ် ရန်ကုန်စျေးကွက်မှာ ကျရိပ်ပြပြီး မန္တလေးမှာတော့ အတက်အကျ အပြောင်းအလဲ အနည်းငယ်ရှိပေမယ့် စျေးကတော့ငြိမ်နေပါတယ်။

အိန္ဒိယဘက်က ပဲစင်းငုံနီလိုအပ်ချက်မြင့်နေတာကြောင့် ဝယ်လိုအားကောင်းတဲ့အတွက် စျေးကအကျဘက်ကို ဆင်းသွားတာမရှိပေမဲ့ ထပ်တက်လာတာမျိုးလည်း မရှိပါဘူး။

ရန်ကုန်ဘုရင့်နောင်စျေးကွက်မှာ ပဲစင်းငုံနီ တစ်တန်ကို ၃၈,၃၁,၀၀၀ ကျပ်ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၆၅၀၀ လောက် ကျရိပ်ပြလာပါတယ်။

မန္တလေးစျေးကွက်မှာတော့ ပဲစင်းငုံနီ တစ်အိတ်ကို ၃,၆၅,၀၀၀ မှ ၃,၆၈,၀၀၀ ကျပ်ရှိပြီး ပြီးခဲ့တဲ့အပတ်က ပေါက်စျေးအတိုင်း စျေးငြိမ်နေပါတယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကတော့ မန္တလေးနဲ့ ရန်ကုန်စျေးကွက်မှာပါ စျေးတက်လာပေမယ့် အရောင်းအဝယ်အေးနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်က ပြောင်းဆန်တစ်ပိဿာကို ၁၁၃၀ မှ ၁၁၅၀ ကျပ်ရှိပြီး ခုတစ်ပတ်မှာတော့ တစ်ပိဿာကို ၁၁၄၀ မှ ၁၁၆၀ ကျပ်အထိပြန်ဖြစ်လာလို့ တစ်ပိဿာကို ၁၀ ကျပ် အတက်ပြလာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပြောင်း (cp) ၅၄ ပိဿာဝင် တစ်အိတ်ကို ၅၅,၀၀၀ မှ ၅၆,၀၀၀ ကျပ်၊ ပြောင်း (ဗမာ) က ၅၄,၀၀၀ မှ ၅၅,၀၀၀ ကျပ်၊ပြောင်း (ရှမ်း)က ၅၅,၀၀၀ မှ ၅၆,၀၀၀ ကျပ်ပေါက်လို့ တစ်အိတ်ကို ၁၀၀၀ ကျပ်စီ ပြန်တက်လာပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဈေးတွေ ဆက်တိုက်မြင့်တက်လာပါတယ်။ ပဲတီစိမ်းအသစ်တွေ ရိတ်သိမ်းချိန်ရောက်တာကြောင့် ပဲအသစ်တွေကို တရုတ်က ဝယ်လိုအားရှိတဲ့အတွက် ဈေးနှုန်းတွေ တက်လာနေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါ တစ်ပိဿာကို ၄၄၁၅ ကျပ်၊ ပဲတီစိမ်း ပဲခူးရွှေဝါက တစ်ပိဿာကို ၄၂၅၀ ကျပ်၊ ပဲတီစိမ်း ဝါးခယ်မက တစ်ပိဿာကို ၃၄၁၅ မှ ၃၈၃၅ ကျပ်ရှိပြီး တစ်ပိဿာကို ၃၃၀ ကျပ်မှ ၅၀၀ ကျပ်အထိ မြင့်တက်လာပါတယ်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာလည်း ၁,၆၀,၀၀၀ မှ ၂,၀၀,၀၀၀ သိန်း ကျပ်ဈေးပေါက်ပြီး ပြီးခဲ့တဲ့အပတ်ကထက် ၄၀၀၀ ကျပ်တက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲကလည်း ရန်ကုန်ဈေးကွက်နဲ့ မန္တလေးကုန်စည်ဈေးကွက်မှာပါ ဈေးဆက်တိုက် ကျဆင်းလာပါတယ်။ ကုလားပဲက အသစ်ပေါ်ချိန်နီးလာတာကြောင့် ဈေးကအတက်အကျတည်ငြိမ်မှုမရှိဘဲနဲ့ အကျဘက်ရောက်လာတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကုလားပဲဖြူလုံး တစ်ပိဿာကို ၄၇၅၀ မှ ၄၈၃၅ ကျပ်၊ ကုလားပဲဖြူလုံးကြီးကလည်း တစ်ပိဿာကို ၄၉၁၅ မှ ၅၀၀၀ ကျပ် ဈေးရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ်မှ ၂၅၀ ကျပ် ဈေးကျဆင်းသွားပါတယ် ။

မန္တလေးဈေးကွက်မှာလည်း ကုလားပဲ v2 က ၃,၀၅,၀၀၀ ကျပ် ကျပ်ရှိပြီး ၅၀၀၀ ကျပ်၊ ကုလားပဲ v7 က ၃,၀၈,၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ်ကျဆင်းပါတယ်။ ကုလားပဲ 929 ကလည်း ၂,၈၄,၀၀၀ မှ ၂,၈၇,၀၀၀ ရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**Source: https://t.me/htwettoe**

## ဝန်ကြီးဌာနနှစ်ခု ညှိနှိုင်းမှုအပြီး စက်သုံးဆီဈေးနှုန်းများမြင့်တက်

ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် ဖေဖော်ဝါရီ လ ၁ ရက် မွန်းလွဲ ၃ နာရီမှစတင်ကာ စက်သုံးဆီ လက်လီလက်ကားဈေးနှုန်းများ ပြန်လည်ပြင်ဆင်ခဲ့ကြောင်း Viet Nam plus အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

95 ခေတ်ဆီဈေးနှုန်းသည် တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၇၅၃ တက်သွားပြီး ၂၄,၁၆၀ (အမေရိကန်ဒေါ်လာ ၀.၉၈) ရောက်ရှိသွားကြောင်း၊ Ron 92 တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၇၄၂ သို့တက်သွားကာ ဗီယက်နမ်ဒေါင် ၂၂,၉၁၃ သို့ မြင့်တက်သွားကြောင်းသိရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းမှာ ဗီယက်နမ်ဒေါင် ၂၂,၉၉၉ ကျသင့်ပြီး ရေနံဆီဈေးနှုန်းများမှာ တစ်လီတာလျှင် ဗီယက်နမ် ဒေါင် ၂၀,၂၉၃ ဖြစ်ပြီး 0.05 $ တက်သွားကြောင်း တွေ့ရှိရသည်။ တစ်ချိန်တည်းတွင် mazut ဆီသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၆,၀၈၇ ထက်မပိုသော ဈေးနှုန်းဖြင့် ရောင်းချရန်ဖြစ်ပြီး ဗီယက်နမ်ဒေါင် ၅၉၃ တိုးလာသည်။

ယခုနှစ်အစပိုင်းမှစတင်၍ ဝန်ကြီးဌာနနှစ်ခု ညှိနှိုင်းမှု (၅) ကြိမ်ပြုလုပ်ခဲ့ပြီး ဈေးနှုန်း (၄) ကြိမ်မြင့်တက်ပြီး (၁) ကြိမ် ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

**Source: Viet Nam Plus**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

## စက်မှုထုတ်ကုန်များ တင်ပို့နိုင်မှုသည် ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုညွှန်ကိန်းကို မြှင့်တင်ပေးလျက်ရှိ

၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးနှေးကွေးနေမှုကြောင့် ထုတ်လုပ်မှုတွင် တိုးတက်မှုနှေးကွေးခဲ့သော်လည်း ပို့ကုန်များ၏ တွန်းအားကြောင့် ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုညွှန်ကိန်းသည် မြင့်တက်လာဖွယ်ရှိကြောင်း၊ ညွှန်ကိန်း ဖော်ပြချက်အရ ကျဆင်းခဲ့သော်လည်း စက်မှုထုတ်ကုန်များ တင်ပို့ခဲ့မှုသည် ကောင်းမွန်သောလက္ခဏာကို ပြနေပါကြောင်း စက်မှုစီးပွားရေးရုံး၏ ညွှန်ကြားရေးမှူးချုပ် Ms. Warawan Chitaroon က ပြောကြားခဲ့သည်။

ရွှေနှင့် လက်နက်များမပါဝင်သော စက်မှုထုတ်ကုန်များ၏ ပို့ကုန်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း တိုးတက်လာခဲ့ကြောင်း၊ ယင်းသို့ တိုးတက်လာခြင်းသည် ထုတ်လုပ်မှုညွှန်းကိန်းကို မြှင့်တင်ပေးရာရောက်ကြောင်း၊ ယခုနှစ်အတွင်း အမေရိကန်၊ အိန္ဒိယနှင့်အင်ဒိုနီးရှားစသည့် အဓိကကုန်သွယ်ဖက်နိုင်ငံများက သမ္မတအသစ်အတွက် ရွေးကောက်ပွဲကျင်းပခြင်း နှင့် ဝန်ကြီးချုပ်ရွေးချယ်ခြင်းတို့ ဆောင်ရွက်သွားရန်ရှိသဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးကို ထိခိုက်လာနိုင်မှု ရှိ/မရှိ အနီးကပ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများကို အင်ဒိုနီးရှားနိုင်ငံက ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံက နိုဝင်ဘာလ ၅ ရက်နေ့တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံက ဧပြီလအတွင်းတွင်လည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည်လည်း ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍတွင် သက်ရောက်မှုရှိနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ် ထုတ်လုပ်မှု ညွှန်းကိန်းကျဆင်းရခြင်းမှာ ထိုင်းနိုင်ငံနှင့်ကမ္ဘာ့စီးပွားရေးတို့ နှေးကွေးနေခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်း စီးပွားရေး မြန်မြန်ဆန်ဆန် ကောင်းမွန်လာမှုမရှိခြင်းမှာ အိမ်ထောင်စုကြွေးမြီမြင့်တက်နေခြင်းကြောင့် သုံးစွဲမှုအပေါ် ထိခိုက် စေကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အိမ်ထောင်စုကြွေးမြီသည် GDP ၏ ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ချေးငွေအပေါ် အတိုးနှုန်း မြင့်တက်လာခြင်းကြောင့် ထုတ်လုပ်သူများအပေါ် ဘဏ္ဍာရေးဆိုင်ရာကုန်ကျမှုများဖြစ်ပေါ်စေကြောင်း၊ ဆီသန့်စင်သည့် စက်မှု လုပ်ငန်းတွင် ထုတ်လုပ်မှုတိုးတက်လာသည်ကို မြင်တွေ့ရပါကြောင်း၊ လေယာဉ်ဆီနှင့်ဒီဇယ်ဆီထုတ်လုပ်မှုတွင်လည်း တိုးတက် လာခဲ့ပြီး ပြည်တွင်းဝယ်လိုအား မြင့်တက်လာမှုကြောင့် ကေဘယ်ကြိုးများ တိုးမြှင့်ထုတ်လုပ်လျက်ရှိကြောင်း Ms. Warawan က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင်း ပြည်သူများ၏ အိမ်ထောင်စုကြွေးမြီ မြင့်တက်လာမှုနှင့် အဓိကကုန်သွယ်မှု မိတ်ဖက်နိုင်ငံများတွင် ပထဝီနိုင်ငံရေး ပဋိပက္ခများရှိနိုင်သဖြင့် ပို့ကုန်များအတွက် စိုးရိမ်ပူပန်မှုရှိနေသော်လည်း အချို့သောကုန်ပစ္စည်းများ၏ ပြည်တွင်းဝယ်လိုအား တိုးတက်လာသောကြောင့် ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုညွှန်းကိန်းသည် အမြင့်ဘက်သို့ ဦးတည်သွား နိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: www.bangkokpost.gov**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

## STOCK EXCHANGE (5.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,633 (Shares) | 7,341,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 179 | 1,552,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,950 | 2,950 | 2,900 | 1,103 | 3,203,850 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 7 | 56,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 21 | 32,550 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 50 | 125,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,900 | -50 | -2.56% | 1,900 | 1,950 | 1,850 | 707 | 1,334,650 | 19,977,223 | 37,957 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 24 | 112,800 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 542 | 924,250 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 1st Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.43 | -0.19 | -0.05% | 366.49 | 367.36 | 364.67 | 2,633 | 7,341,200 | 8 | 691,150 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 2nd Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,498 (Shares) | 27,551,700 (MMK) |

| MYANPIX | 367.34 ▲ 0.91 |
|---|---|
| Total Volume (shares) | 4,498 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,864 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 100 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |
| MAEX | 00008 | 1,750 | ▲ 0 |